ဧပြီလ 30 ရက်၊2024 ခုနှစ်

## *အမြင့်သို့ ပျံသန်းခြင်း-* ထိန်းသိမ်းစောင့်ရှောက်သူ ခေါင်းဆောင်ချုပ်၏ ပရော်ဖက်ရှင်နယ် ခရီးစဉ်သည် ဆက်လက်၍ အမြင့်သို့ ရောက်ရှိခဲ့ - လေးစားအားကျဖွယ်သော EAGLE ဆုချီးမြှင့်မှုအား ရယူနိုင်ခဲ့

ယခုအခါ Indian Creek မူလတန်းကျောင်း၏ ထိန်းသိမ်းစောင့်ရှောက်သူ ခေါင်းဆောင်ချုပ်ဖြစ်သော Mr. Elmo DeSilva ၏ စိတ်လှုပ်ရှားအတုယူဖွယ်သော ဘဝပုံပြင်မှာ ပျော့လှင့်ချက် နှင့် စိတ်ဆုံးဖြတ်ချက်ခိုင်မာမှုတို့နှင့်ပတ်သက်ပြီး မျှဝေသင့်သော ဥပမာကောင်းတစ်ခု ဖြစ်လာပေသည်။ ပြီးခဲ့သည့်နှစ်၌ ၎င်း၏ GED အား ရယူနိုင်ခဲ့ခြင်းအားဖြင့် ၎င်း နှစ်သက်ရာ ရာထူးတိုးမြှင့်မှုအတွက် အရည်အချင်းပြည့်မီနိုင်ခဲ့ပြီး၊ ၎င်း၏ အောင်မြင်စွမ်းဆောင်နိုင်မှုများနှင့်ပတ်သက်သော နောက်ဆက်တွဲ မီဒီယာပေါ်မှ ဘဝဇာတ်လမ်းများကြောင့်ပင် သက်မွေးဝမ်းကျောင်း ခရီးစဉ်အား နောက်တစ်ဆင့်သို့ မြှင့်တင်နိုင်ခဲ့ပြီး၊ နိုင်ငံတစ်ဝှမ်းမှ အများသူငှာ၏ အာရုံစိုက်မှုကို သိမ်းပိုက်ရယူနိုင်ခဲ့သည်။

မကြာသေးမီ လတ်တလောက Mr. DeSilva သည် Georgia နည်းပညာပိုင်းဆိုင်ရာ ကောလိပ်စနစ် (Technical Collge System of Georgia) မှ ချီးမြှင့်သော စာပေပညာရေးအပိုင်းတွင် တမူထူးချွန်သော အရွယ်ရောက်လူကြီး ဈော်ဂျီယံ (*EAGLE*) ဆုအား ချီးမြှင့်ခံခဲ့ရပြီး၊ ၎င်း၏ သက်မွေးဝမ်းကျောင်း ခရီးစဉ်နှင့်ပတ်သက်၍ အသိအမှတ်ပြုမှုကို ရရှိခဲ့သည်။ မောက်မာဟန်ဆောင်မှုများ မရှိဘဲ စကားကို ညင်သာစွာဖြင့် ပြောဆိုတတ်သော Mr. DeSilva ၏ အဆိုအရမူ ထိုသို့သော ဆုချီးမြှင့်ခံရမှုအတွက် အလွန်ပင် ဂုဏ်ယူမိသည်ဖြစ်ရာ အခြားသူများအတွက် စံပြ မော်ဒယ်ကောင်းတစ်ဦးဖြစ်ဖို့ရန် တာဝန်ပိုရှိလာသည်ဟု ခံစားရကြောင်း ပြောကြားခဲ့သည်။

"ကျွန်တော့်အတွက်တော့ ဒီ EAGLE ဆုချီးမြှင့်မှုဟာ အခြားထိုက်တန်သူတွေ အများအပြား ပါဝင်တဲ့ အုပ်စုထဲကမှ အထူးခြွင်းချက်ပုဂ္ဂိုလ်တစ်ဦးအဖြစ် သတိပြုခံခဲ့ရတယ်လို့ မြင်မိတယ်၊" ဟု ၎င်းက ဆိုသည်။ "ဒီအတွက် ကျွန်တော် အရမ်းပဲ ဂုဏ်ယူမိသလို ကိုယ့်ကိုယ်ကိုလည်း ပရော်ဖက်ရှင်နယ်ပီသစွာ တာဝန်ထမ်းဆောင်သွားရမယ်လို့ အစဉ် သတိပေးမိတယ်။"

EAGLE ဆုသည် မိမိတို့၏ ပညာရေးပိုင်းဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများ၌ တမူထူးခြားသော ကတိကဝတ်ပြုလုပ်ဆောင်မှု နှင့် အောင်မြင်မှုတို့ကို ပြသနိုင်ခဲ့သည့် အရွယ်ရောက်လူကြီး ပညာသင်ယူလေ့လာသူများအား ဂုဏ်ပြုသည့် ဆု ဖြစ်သည်။ ဆုချီးမြှင့်ခံရမှုအား ပြန်လည်ဆင်ခြင်၍ Mr. DeSilva မှ ပြောကြားခဲ့သည်မှာ "ဒီ EAGLE ဆုဟာဆိုရင် မြောက်များစွာသော လူအုပ်စုထဲကမှ တမူထူးခြားသူအဖြစ် ကျွန်တော့်ကို သတိပြုမိတယ်လို့ သဘောသက်ရောက်တာကြောင့် ဒီအတွက် ကျွန်တော် အရမ်းကို ဂုဏ်ယူမိပါတယ်။"

အောင်မြင်မှုသို့ ချီတက်သည့် ၎င်း၏ လမ်းခရီးသည် စိန်ခေါ်မှုများနှင့် ပြည့်နှက်နေပေသည်။ ဇာတိ New York မြို့တော်မှဖြစ်သော Mr. DeSilva သည် မိသားစု တာဝန်များ နှင့် ငွေကြေး အခက်အခဲများကြောင့်ပင် အထက်တန်းကျောင်းမှ နှုတ်ထွက်ဖို့ ဖိအားပေးခံခဲ့ရပြီး၊ ၎င်း၏ ပညာရေး ကြိုးပမ်းအားထုတ်လိုမှုများကို ခတ္တ ရပ်တန့်ထားခဲ့ရသည်။ နှစ်ပေါင်းများစွာ ကြာမြင့်ပြီးသည့်နောက် Indian Creek တွင် ထိန်းသိမ်းစောင့်ရှောက်သူတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသော ၎င်းသည် DeKalb ကောင်တီ ကျောင်းခရိုင်၏ အရွယ်ရောက်လူကြီး ပညာရေး အစီအစဉ် (Adult Education Program) ၊ နှင့် ၎င်း၏ စာသင်ကျောင်း စီမံအုပ်ချုပ်သူများနှင့် ဝန်ထမ်းများတို့ထံမှ ပံ့ပိုးထောက်ပံ့မှုကို အခွင့်အကောင်းရယူကာ ၎င်း၏ GED အား ရယူနိုင်ခဲ့သည်။

၎င်း၏ တာဝန်ကဏ္ဍအသစ်အား ဆင်ခြင်သုံးသပ်ရင်း Mr. DeSilva မှ ပြောကြားသည်မှာ "အမှန်အတိုင်းပြောရမယ်ဆိုရင် ထိန်းသိမ်းစောင့်ရှောက်သူ ခေါင်းဆောင်ချုပ်အဖြစ် တာဝန်ထမ်းဆောင်တဲ့ ပထမနှစ်ဟာ စိန်ခေါ်မှုတွေနဲ့ရော ရယူစွမ်းဆောင်နိုင်မှုတွေနဲ့ပါ နှစ်မျိုးစလုံးနဲ့ ပြည့်နှက်နေခဲ့ပါတယ်။ မျှော်မှန်းထားတာတွေထက် ကျော်လွန်အောင် ကျွန်တော်က လုပ်ဆောင်နိုင်တယ်လို့ သူတို့တွေက ပြောကြပေမဲ့ တကယ်တော့ ကျွန်တော့်ရဲ့ အဖွဲ့အတွက် ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်လာစေဖို့ ကျွန်တော် ကြိုးစားခဲ့ရုံသပ်သပ်ပါ။"

DCSD သည် အရွယ်ရောက်လူကြီး ပညာသင်ယူသူ အရောက် 500 အတွက် ပညာရေးထောက်ပံ့သူတစ်ဦးအဖြစ် 2021 ခုနှစ်တွင် Georgia နည်းပညာပိုင်းဆိုင်ရာ ကောလိပ်စနစ်၏ အရွယ်ရောက်လူကြီးဆိုင်ရာ ပညာရေးရုံးခန်းမှ ရွေးချယ်မှုကို ခံခဲ့ရသည်။ ဤရှေ့ ဦးအစပြုလုပ်ဆောင်မှုသည် မိမိတို့၏ GED အောင်မြင်မှု၊ အင်္ဂလိပ်စာ ဘာသာစကား ရယူမှု ဝန်ဆောင်မှုများ၊ မိသားစုဆိုင်ရာ စာပေ နှင့် အလယ်တန်းနောက်ပိုင်း ပညာရေးလမ်းကြောင်း ပံ့ပိုးထောက်ပံ့မှု အစရှိသည်တို့အား ရယူလိုသည့် အရွယ်ရောက်လူကြီး ပညာသင်ယူသူများအတွက် အခွင့်အလမ်း ထောက်ပံ့ပေးသွားဖို့ရန် ရည်ရွယ်သည်။

Mr. DeSilva သည် ပညာရေး၏ ပြောင်းလဲနိုင်စွမ်းအားကို ယုံကြည်ပြီး၊ အခြားသော အရွယ်ရောက်လူကြီးများကိုလည်း ၎င်းတို့၏ GED အား ရယူဖို့ စဉ်းစားအားထုတ်ကြည့်ရန် တိုက်တွန်းအားပေးခဲ့သည်။

"အသက်အရွယ် ဘယ်လိုပဲဖြစ်ပါစေ တစ်စုံတစ်ဦးက သူ့ရဲ့ ပညာရေးပန်းတိုင်ကို ဘယ်အချိန်မှာမဆို ရယူနိုင်တယ်ဆိုတာက အရမ်းကို စိတ်ကျေနပ်ဖို့ကောင်းပြီး၊ တကယ်ကို ပျော်ရွှင်မှုနဲ့ ယုံကြည်မှုကို ရရှိစေပါတယ်၊" ဟု ၎င်းက ဆိုသည်။

"ကိုယ့်ရဲ့ GED ကို ရရှိတာကြောင့် နောင်တရတယ်ဆိုတဲ့သူကို ကျွန်တော် တစ်ခါမှ မမြင်ဖူး၊ မတွေ့ဖူးပါဘူး။"

******************************

Mr. DeSilva ၏ ဘဝဇာတ်လမ်းအကြောင်း ပိုမိုလေ့လာသိရှိလိုပါက ဤတွင်ကလစ်နှိပ်ပါ။

DCSD ၏ အရွယ်ရောက်လူကြီး ပညာရေး အစီအစဉ်များနှင့်ပတ်သက်သည့် နောက်ထပ်သော အချက်အလက်များအတွက် ဤတွင်ကလစ်နှိပ်ပါ။